# ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်စည်းကြပ် ကောက်ခံမှုဆိုင်ရာ သိကောင်းစရာများ

## ရည်ရွယ်ချက်

အခွန်ရုံးများမှ အခွန်စည်းကြပ်သည့်စနစ်ကျင့်သုံးသောရုံးများ နှင့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကျင့်သုံးသောရုံးများရှိ အခွန်ထမ်းပြည်သူများအနေဖြင့် ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလ (၂၀၂၁ ခုနှစ်၊အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊မတ်လ ၃၁ ရက်နေ့အထိ) ၆ လတာကာလ အတွင်း ရရှိသည့်ဝင်ငွေများအပေါ် အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် အမိန့်ကြော်ငြာစာအမှတ်– ၅၁၀/ ၂၀၂၁ နှင့် ညွှန်ကြားလွှာအမှတ် – ၅/ ၂၀၂၂ တို့နှင့်အညီ တစ်ပြေးညီဖြစ်စေရန်၊ အဆင်ပြေချောမွေ့စေရန် နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်သတ်မှတ်ခြင်းအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဤစာစောင်အား ပြုစုထုတ်ပြန်ရခြင်း ဖြစ်ပါသည်။

## ဝင်ငွေနှစ်

ဝင်ငွေနှစ် ဆိုသည်မှာ ဝင်ငွေရရှိသည့်နှစ် ကိုဆိုသည်။ ဝင်ငွေရရှိသည့်နှစ် ဆိုရာတွင် ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ၆ လတာကာလ ကိုဆိုသည်။

## စည်းကြပ်နှစ်

စည်းကြပ်နှစ် ဆိုသည်မှာ ဝင်ငွေနှစ်နှင့် တစ်ဆက်တည်းဖြစ်သော နောက်နှစ်ကိုဆိုသည်။ နောက်နှစ်ဟု ဆိုရာတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလကိုဆိုသည်။

## ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် အကူးအပြောင်းကာလအတွင်း အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

### (၁) ကုန်သွယ်လုပ်ငန်းခွန်

- ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းတို့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလအတွင်း ရရှိမည့် သို့မဟုတ် ရရှိသည့် စုစုပေါင်းရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို နှစ်ဆပြုလျှင် ကျပ်သိန်း ၅၀၀ ထက်ပိုပါကထိုရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ၂၀၂၁ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ရမည်ဖြစ်ပြီး ယင်းသို့အခွန်စည်းကြပ်ရာတွင် နောက်ဆက်တွဲ(က)ပါ တွက်ချက်မှု (နမူနာ)ပုံစံအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## (၂) အထူးကုန်စည်ခွန်

➢ အထူးကုန်စည်ခွန်နှင့် စပ်လျဉ်း၍ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိကာလအတွင်း ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းမှ စုစုပေါင်းရောင်းရငွေကို နှစ်ဆပြု၍လျှင် ရရှိမည့် သို့မဟုတ် ရရှိသည့် ရောင်းရငွေသည် ကျပ်သိန်း ၂၀၀ ထက်ပိုပါက ထိုရောင်းရငွေနှင့်စပ်လျဉ်း၍ အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အထူးကုန်စည်ခွန်စည်းကြပ်ရမည်ဖြစ်ပြီး ယင်းသို့ အခွန်စည်းကြပ်ရာတွင် နောက်ဆက်တွဲ(ခ)ပါ တွက်ချက်မှု(နမူနာ)ပုံစံအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## (၃) ဝင်ငွေခွန်

➢ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ ကာလအတွင်း ရရှိမည့် သို့မဟုတ် ရရှိသည့်ဝင်ငွေများအတွက် ဝင်ငွေခွန်ဥပဒေနှင့် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(က) လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက အဆိုပါကာလအတွင်း ရရှိမည့်ဝင်ငွေကို နှစ်ဆပြု၍လျှင် ကျပ် ၄၈ သိန်းထက်မပိုပါက မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရပါ။ထိုသို့ နှစ်ဆပြု၍ ရရှိသောဝင်ငွေသည် ကျပ် ၄၈ သိန်းထက်ပိုပါက ယင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ်တွင် ဝင်ငွေခွန် တွက်ချက်ရပါမည်။ ထိုသို့ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန် ဖြစ်ပါသည်။ လစာ ခေါင်းစဉ်မှဝင်ငွေအပေါ် အခွန်စည်းကြပ်တွက်ချက်ရာတွင် နောက်ဆက်တွဲ(ဂ)ပါ တွက်ချက်မှု(နမူနာ)ပုံစံအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

(ခ) ပစ္စည်းငှားရမ်းခခေါင်းစဉ်မှဝင်ငွေဖြစ်ပါက–

(၁) ငှားရမ်းခရငွေသည် (၁၂)လအောက်အတွက်ရရှိခြင်းဖြစ်ပါကပျမ်းမျှ(၁၂)လ ငှားရမ်းခ ရငွေဖြင့် ကျသင့်ဝင်ငွေခွန်ကိုတွက်ချက်ရာတွင် နောက်ဆက်တွဲ(ဃ)ပါ တွက်ချက်မှု (နမူနာ) ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၂) ငှားရမ်းခရငွေသည် (၁၂)လ သို့မဟုတ် (၁၂)လ ထက်ပိုသောကာလအတွက် ရရှိခြင်း ဖြစ်ပါက ထိုငှားရမ်းခရငွေစုစုပေါင်းမှလည်းကောင်း ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်တွက်ချက်ရမည် ဖြစ်ပြီးနောက်ဆက်တွဲ(ဃ-၁)ပါတွက်ချက်မှု(နမူနာ)ပုံစံအတိုင်း လိုက်နာဆောင်ရွက် ရမည်ဖြစ်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှဝင်ငွေ ခေါင်းစဉ်တို့ဖြစ်ပါက အဆိုပါကာလအတွင်း စုစုပေါင်းဝင်ငွေမှ ဝင်ငွေရရှိရန် ကုန်ကျသည့် စရိတ်ကို နုတ်ပယ်ပြီး ကျန်ရှိသည့်ဝင်ငွေကို နှစ်ဆပြုရပါမည်။ ယင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက်ရမည် ဖြစ်ပါသည်။ ယင်းသို့ တွက်ချက်ရရှိသော ဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန် ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်မှ ဝင်ငွေအပေါ် အခွန်စည်းကြပ် ရာတွင် နောက်ဆက်တွဲ(င)ပါ တွက်ချက်မှု(နမူနာ)ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ဃ) အပိုဒ်ခွဲ(ခ) နှင့် (ဂ)ပါ လုပ်ထုံးလုပ်နည်းများသည် အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစား များနှင့် သာ သက်ဆိုင်စေရမည်–

(၁) တစ်ဦးချင်းပုဂ္ဂိုလ်များ၊

(၂) အစုစပ်လုပ်ငန်းများ၊

(၃) သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်း များ၊

(င) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် အခြေခံသမဝါယမအသင်း မဟုတ်သည့် သမဝါယမအသင်းများ ဖြစ်ပါက စုစုပေါင်းဝင်ငွေမှ ဝင်ငွေရရှိရန် ကုန်ကျသည့် စရိတ်များနှင့် စည်းမျဉ်းများအရ ပြဋ္ဌာန်းသည့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပယ်၍ ဝင်ငွေခွန် တွက်ချက်ရမည်ဖြစ်ပါသည်။ တန်ဖိုးလျော့နှုန်းထားတွက်ချက်ရာတွင် ဝင်ငွေခွန် စည်းမျဉ်းပါနှုန်းထားများအတိုင်း တွက်ချက်ရမည် ဖြစ်သော်လည်း ၆ လတာကာလ နှင့်ညီမျှသော တန်ဖိုးလျော့ငွေကိုသာ နုတ်ပယ်ရမည် ဖြစ်ပါသည်။

(စ) အပိုဒ်ခွဲ (င) ပါအတိုင်း တွက်ချက်ရာတွင် အခြေခံသမဝါယမအသင်းမဟုတ်သည့် သမဝါယမ အသင်းဖြစ်ပါက အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရခွင့်ပြုသည့် သက် သာခွင့်ပမာဏ၏ ထက်ဝက်ကို နုတ်ပယ်ခွင့်ပြုပြီးနောက် ကျန်ဝင်ငွေအပေါ် ကျသင့်ဝင်ငွေ ခွန်အား တွက်ချက်ရမည် ဖြစ်ပါသည်။

(ဆ) အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခု ထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်း ပြုလုပ်သည့် စုစုပေါင်းတန်ဖိုးသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အဆိုပါကာလ အတွင်း မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရပါ။

(ဇ) စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက အဆိုပါကာလအတွင်း ပေါ်ထွက်သောငွေကိုလည်းကောင်း၊ ပေါ်ထွက်သော ပစ္စည်းတန်ဖိုးနှင့် ယင်းပစ္စည်းရယူရာ

တွင် ကုန်ကျသည့်ငွေအားလုံးကိုလည်းကောင်း အဆိုပါကာလအတွင်း ရရှိသည့် ဝင်ငွေအဖြစ် သတ်မှတ်၍ ဝင်ငွေခွန်စည်းကြပ်ရမည် ဖြစ်ပါသည်။

(ဈ) ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခေါင်းစဉ်မှတစ်ပါး အဆိုပါကာလအတွင်း နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့်စုစုပေါင်းဝင်ငွေအပေါ် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၂ အရ ဝင်ငွေခွန်စည်းကြပ်ရမည် ဖြစ်ပါသည်။

(ည) အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် ယင်း ၆ လတာကာလသည် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း ကျရောက်ပါက အဆိုပါ ၆ လအတွင်း ရရှိသည့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေကို နှစ်ဆပြုရမည်ဖြစ်ပါသည်။ ယင်းဝင်ငွေသည် ၂၀၂၁ ခုနှစ်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၉ အရ–

(၁) ကျပ်သိန်း ၁၀၀ အထိ ဝင်ငွေခွန်ကင်းလွတ်သည်၊

(၂) ကျပ်သိန်း ၁၀၀ ထက်ပိုမိုပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင် ဝင်ငွေခွန် တွက်ချက်ရမည်၊

(၃) အပိုဒ်ခွဲငယ်(၂)ပါအတိုင်း တွက်ချက်ရရှိသည့် ဝင်ငွေခွန်၏ ထက်ဝက်သည် အဆိုပါကာလအတွင်း ယင်းလုပ်ငန်းက ထမ်းဆောင်ရမည့် ဝင်ငွေခွန်ဖြစ်ပါသည်။

(ဋ) နိုင်ငံခြားသားတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ယင်း ၆ လတာကာလ၌ နိုင်ငံတော်အတွင်းအမှန်နေထိုင်သည့်ရက်၏နှစ်ဆသည် ရက်ပေါင်းတစ်ရာရှစ်ဆယ့်သုံးရက်နှင့်အထက် ဖြစ်ပါက အဆိုပါကာလအတွင်း ပြည်တွင်းနေနိုင်ငံသားဟုမှတ်ယူပြီး ဝင်ငွေခွန်တွက်ရမည် ဖြစ်ပါသည်။

(ဌ) ပြည်ပနေနိုင်ငံခြားသားနှင့်စပ်လျဉ်း၍–

(၁) လစာခေါင်းစဉ်မှအပ အခြားဝင်ငွေဖြစ်ပါက ကျသင့်ဝင်ငွေခွန်အား အပိုဒ်ခွဲ (င) ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်။ ထိုသို့တွက်ချက်ရာတွင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆–က အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုရပါ။

(၂) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆–က အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းဝင်ငွေကို နှစ်ဆပြု၍ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ)ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်တွက်ချက်ရမည်ဖြစ်ပါသည်။ ယင်းတွက်ချက်ရရှိသောဝင်ငွေခွန်၏ ထက်ဝက်သည် ကျသင့်ဝင်ငွေခွန်ဖြစ်ပါသည်။

(ဍ) ဝင်ငွေခွန်ဥပဒေပုဒ်မ ၂၀ ပါ ဝင်ငွေရလမ်းတစ်ခုခုမှ ဆုံးရှုံးငွေခုနှိမ်ခြင်းနှင့် စပ်လျဉ်း၍ အဆိုပါ ၆ လတာကာလကို နှစ်တစ်နှစ်အဖြစ်သတ်မှတ်၍ ခုနှိမ်ပေးရမည်ဖြစ်ပါသည်။

**စည်းကြပ်နှစ် အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့် ကာလစည်းကမ်းသတ်**

- ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ ၃ လတာကာလသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇ အရ ဝင်ငွေကြေညာလွှာနှင့် ပုဒ်မ ၁၈ အရ လစာနှစ်ချုပ်စာရင်းတို့ကိုလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၃ အရ နှစ်ချုပ်ကြေညာလွှာကိုလည်းကောင်း တင်သွင်းသည့်ကာလဖြစ်ပါသည်။
- ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ၉ လတာကာလသည် အပြီးသတ်စည်းကြပ်မှုဆောင်ရွက်ရမည့်ကာလဖြစ်ပါသည်။

<u>အသေးစိတ်အချက်အလက်များကိုထပ်မံသိရှိလိုပါက</u> ပြန်ကြားရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ် ၊ ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) ဖက်စ်နံပါတ် ၀၁-၈၃၈၉၃၁၁၊ ဖုန်းနံပါတ်၀၁-၈၃၈၉၃၂၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်း၀၂-၄၀၃၀၁၉၂ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mmသို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ပုံစံများအား အသေးစိတ်ဝင်ရောက်လေ့လာ Download ရယူနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

နောက်ဆက်တွဲ(က)

**၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ ၆ လ တာကာလအတွင်း ရရှိသည့်**
**စီးပွားရေးလုပ်ငန်းခေါင်းစဉ်မှ ရရှိသည့် ရငွေ/ဝင်ငွေ အပေါ်တွင် အခွန်တွက်ချက်မှု (နမူနာပုံစံ)**
**(တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအတွက်သာ)**

လုပ်ငန်းရှင်တစ်ဦးသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ၆ လ တာကာလအတွင်းလုပ်ငန်းမှ ရောင်းရငွေ/ရငွေ (A) ကျပ် ရရှိပါသည်။ အဆိုပါကာလအတွင်း ရရှိသည့် ရောင်းရငွေ/ရငွေ၏ ၂ ဆသည် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေ သတ်မှတ်ချက် သိန်း ၅၀၀ ကျပ်ထက် ကျော်လွန်ပါသည်။ လုပ်ငန်းအတွက် တိုက်ရိုက် ကုန်ကျစရိတ်အဖြစ် (B) ကျပ် သုံးစွဲခဲ့ရပါသည်။ စီမံအုပ်ချုပ်မှုစရိတ်အဖြစ် (C) ကျပ် ကုန်ကျခဲ့ပါသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းအပေါ် အောက်ပါအတိုင်း အခွန်တွက်ချက်ရမည် ဖြစ်ပါသည်-

**ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်မှု**

| | |
|---|---|
| ၆ လ တာကာလအတွင်း စုစုပေါင်းရောင်းရငွေ/ရငွေ | = x x x x x x x ကျပ်----(A) |
| ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း {(A) / ၂၀} | = x x x x x x x ကျပ် |

**ဝင်ငွေခွန်တွက်ချက်မှု**

| | |
|---|---|
| ၆ လ တာကာလအတွင်း ရောင်းရငွေ/ရငွေ | = x x x x x x x ကျပ်----(A) |
| (နုတ်) ကျသင့်ကုန်သွယ်လုပ်ငန်းခွန် | = (x x x x x x x )ကျပ် |
| ကုန်သွယ်လုပ်ငန်းခွန်မပါရောင်းရငွေ/ရငွေ | = x x x x x x x ကျပ် |
| (နုတ်) ရောင်းရကုန်တန်ဖိုး/ ဝန်ဆောင်မှုအတွက်ကုန်ကျစရိတ်များ | = ( x x x x x x ) ကျပ်----(B) |
| အကြမ်းအမြတ် | = x x x x x x x ကျပ် |
| (နုတ်) စီမံအုပ်ချုပ်မှုစရိတ် | = (x x x x x x) ကျပ်----(C) |
| ၆ လ တာကာလအတွင်း အသားတင်ဝင်ငွေ | = x x x x x x x ကျပ်----(D) |
| တစ်နှစ်အတွက် သတ်မှတ်ဝင်ငွေ { (D) ၏ ၂ ဆ } | = x x x x x x x ကျပ်----(E) |

(နုတ်) ပုဒ်မ ၆ အရ သက်သာခွင့်ပြုငွေများ

- အခြေခံသက်သာခွင့် ( E ) × ၂၀ % = x x x x ကျပ်
- အတူနေမိဘအတွက် = x x x x ကျပ်
- အိမ်ထောင်ဖက်အတွက် = x x x x ကျပ်
- သားသမီးအတွက် = x x x x ကျပ်
- အခွန်ထမ်းနှင့်အိမ်ထောင်ဖက်အတွက် အသက်အာမခံပေးသွင်းငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်
- အခွန်ထမ်းမှပေးသွင်းသည့် လူမှုဖူလုံရေးရန်ပုံငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်

| | |
|---|---|
| | = ( x x x x x x ) ကျပ်----(F) |
| တစ်နှစ်အတွက်အခွန်စည်းကြပ်ရန်ဝင်ငွေ | = x x x x x x ကျပ်----(G) |
| တစ်နှစ်အတွက်ကျသင့်ဝင်ငွေခွန် | = (x x x x x x) ကျပ်----(H) |
| ၆ လ တာကာလအတွက် ကျသင့်ဝင်ငွေခွန် {(H) ၏တစ်ဝက်} | = x x x x x x ကျပ်----(I) |

မှတ်ချက်။ တစ်နှစ်အတွက် ကျသင့်ဝင်ငွေခွန် တွက်ချက်ရာတွင် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) ဇယားပါ နှုန်းထားများအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်။

## ၁-၁ဝ-၂ဝ၂၁ ရက်နေ့မှ ၃၁-၃-၂ဝ၂၂ ရက်နေ့ အထိ ၆ လတာကာလအတွင်း ရရှိသည့် ဆေးပေါ့လိပ်ထုတ်လုပ်မှုလုပ်ငန်းမှ ရောင်းရငွေ/ဝင်ငွေအပေါ် အခွန်တွက်ချက်မှု (နမူနာပုံစံ) (တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအတွက်သာ)

ဆေးပေါ့လိပ်ထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးသည် ၂ဝ၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂ဝ၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ၆ လ တာကာလအတွင်း ဆေးပေါ့လိပ် အလိပ် ၅ဝ ပါ ၃၆ဝဝဝ စည်း ထုတ်လုပ်ရောင်းချခဲ့ရာ ကုန်သွယ်လုပ်ငန်းခွန်မပါ ရောင်းရငွေ ၂၈,၈ဝဝ,ဝဝဝကျပ် ရရှိပါသည်။ အဆိုပါ ဆေးပေါ့လိပ် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမှ ရောင်းရငွေ/ဝင်ငွေအပေါ် အောက်ပါအတိုင်း အခွန်တွက်ချက်ရမည်ဖြစ်ပါသည်-

### အထူးကုန်စည်ခွန်တွက်ချက်မှု

| | | | |
|---|---|---|---|
| ၆ လ တာကာလအတွင်း စုစုပေါင်းထုတ်လုပ်ရောင်းရငွေ | = | ၂၈,၈ဝဝ,ဝဝဝ | ကျပ် |
| ထုတ်လုပ်သည့်ဆေးပေါ့လိပ်အရေအတွက် အလိပ် ၅ဝ × ၃၆ဝဝဝ စည်း | = | ၁,၈ဝဝ,ဝဝဝ | လိပ် |
| ကျသင့်အထူးကုန်စည်ခွန် ( ၁,၈ဝဝ,ဝဝဝလိပ် x ၁ကျပ် ) | = | ၁,၈ဝဝ,ဝဝဝ | ကျပ် |

( အမိန့်ကြော်ငြာစာအမှတ် ၅၁ဝ/၂ဝ၂၁ အရ ၆ လ တာကာလအတွင်း ထုတ်လုပ်ရောင်းရငွေ၏ ၂ ဆသည် ကျပ် သိန်း ၂ဝဝ ထက်ကျော်လွန်သည်ဖြစ်၍ အထူးကုန်စည်ခွန်ကျသင့်မည်ဖြစ်ပါသည်။ ၂ဝ၂၁ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) အရ ဆေးပေါ့လိပ်တစ်လိပ်လျှင် တစ်ကျပ် နှုန်းဖြင့် အထူးကုန်စည်ခွန် ကျသင့်မည်ဖြစ်ပါသည်။ )

### ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်မှု

| | | | |
|---|---|---|---|
| ၆ လ တာကာလအတွင်း စုစုပေါင်းထုတ်လုပ်ရောင်းရငွေ | = | ၂၈,၈ဝဝ,ဝဝဝ | ကျပ် |
| ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ( ၂၈,၈ဝဝ,ဝဝဝ ကျပ် x ၅%) | = | ၁,၄၄ဝ,ဝဝဝ | ကျပ် |

(အမိန့်ကြော်ငြာစာအမှတ် ၅၁ဝ/၂ဝ၂၁ အရ ၆ လတာကာလ ထုတ်လုပ်ရောင်းရငွေ၏ ၂ ဆသည် ကျပ် သိန်း ၅ဝဝ ထက်ကျော်လွန်သည်ဖြစ်၍ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပါသည်။)

### ဝင်ငွေခွန်တွက်ချက်မှု

| | |
|---|---|
| ၆ လ တာကာလအတွင်း စု*စုပေါင်းထုတ်လုပ်ရောင်းရငွေ | = ၂၈,၈ဝဝ,ဝဝဝ ကျပ်----(A) |
| (နုတ်) အထူးကုန်စည်ခွန် | = (၁,၈ဝဝ,ဝဝဝ) ကျပ် |
| အခွန်မပါရောင်းရငွေ | = ၂၇,ဝဝဝ,ဝဝဝ ကျပ်----(B) |
| (နုတ်) တိုက်ရိုက်ကုန်ကျစရိတ် | = (x x x x x x) ကျပ် |
| အကြမ်းအမြတ် | = x x x x x x ကျပ်----(C) |
| (နုတ်) စီမံခန့်ခွဲမှုစရိတ် | = (x x x x x x) ကျပ် |
| ၆ လ တာကာလအတွက် အသားတင်ဝင်ငွေ | = x x x x x x ကျပ်----(D) |
| တစ်နှစ်အတွက် သတ်မှတ်ဝင်ငွေ { (D) ၏ ၂ ဆ } | = x x x x x x ကျပ်----(E) |

(နုတ်) ပုဒ်မ ၆ အရ သက်သာခွင့်များ

- အခြေခံသက်သာခွင့် (E) ၏ ၂၀ % = x x x x ကျပ်
- အတူနေမိဘအတွက် = x x x x ကျပ်
- အိမ်ထောင်ဖက်အတွက် = x x x x ကျပ်
- သားသမီးအတွက် = x x x x ကျပ်
- အခွန်ထမ်းနှင့်အိမ်ထောင်ဖက်အတွက် အသက်အာမခံပေးသွင်းငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်
- အခွန်ထမ်းမှပေးသွင်းသည့် လူမှုဖူလုံရေးရန်ပုံငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်

= ( x x x x x x ) ကျပ်----(F)

တစ်နှစ်အတွက်အခွန်စည်းကြပ်ရန်ဝင်ငွေ = x x x x x x ကျပ်----(G)

တစ်နှစ်အတွက်ကျသင့်ဝင်ငွေခွန် = (x x x x x x) ကျပ်----(H)

၆ လ တာကာလအတွက် ကျသင့်ဝင်ငွေခွန် {(H) ၏တစ်ဝက်} = x x x x x x ကျပ်----(I)

မှတ်ချက်။ တစ်နှစ်အတွက် ကျသင့်ဝင်ငွေခွန် တွက်ချက်ရာတွင် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) ဇယားပါနှုန်းထားများအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်။

## ၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ ၆ လ တာကာလအတွင်း ရရှိသည့် လစာခေါင်းစဉ်မှ ဝင်ငွေအပေါ်တွင် အခွန်တွက်ချက်မှု (နမူနာပုံစံ)

ဦးဖြူသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ပိုင်ပိုင်ထွန်းသံမဏိစက်ရုံတွင် မန်နေဂျာအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး တစ်လလျှင် ၇၀၀,၀၀၀ ကျပ် ရရှိပါသည်။ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ၆ လ တာကာလအတွင်း ရရှိခဲ့သည့် ဦးဖြူ၏ လစာဝင်ငွေမှ ပေးဆောင်ရမည့် ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်-

**ဝင်ငွေခွန်တွက်ချက်မှု**

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ

၆ လတာကာလအတွင်း ဦးဖြူရရှိခဲ့သည့် စုစုပေါင်းလစာဝင်ငွေ = ၄,၂၀၀,၀၀၀ ကျပ်----(A)

(တစ်လ လစာငွေ ၇၀၀,၀၀၀ ကျပ် × ၆ လ)

တစ်နှစ်အတွင်းရရှိမည့် လစာခေါင်းစဉ်မှဝင်ငွေ { (A) ၏ ၂ ဆ } = ၈,၄၀၀,၀၀၀ ကျပ်----(B)

(နုတ်) ပုဒ်မ ၆ အရ သက်သာခွင့်ပြုငွေများ

- အခြေခံသက်သာခွင့်( B ) ×၂၀% = x x x x ကျပ်
- အတူနေမိဘအတွက် = x x x x ကျပ်
- အိမ်ထောင်ဖက်အတွက် = x x x x ကျပ်
- သားသမီးအတွက် = x x x x ကျပ်
- အခွန်ထမ်းနှင့်အိမ်ထောင်ဖက်အတွက် အသက်အာမခံပေးသွင်းငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်
- အခွန်ထမ်းမှပေးသွင်းသည့် လူမှုဖူလုံရေးရန်ပုံငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်

= (x x x x x x ) ကျပ်-----(C)

တစ်နှစ်အတွက်အခွန်စည်းကြပ်ရန်ဝင်ငွေ = x x x x x x ကျပ်-----(D)

တစ်နှစ်အတွက် ကျသင့်ဝင်ငွေခွန် = x x x x x x ကျပ်-----(E)

၆ လ တာကာလအတွက် ကျသင့်ဝင်ငွေအခွန် {(E )၏ တစ်ဝက်} = x x x x x x ကျပ်------(F)

လစဉ်နုတ်ယူပေးသွင်းရမည့် လစာဝင်ငွေခွန် {(F ) ÷ ၆} = x x x x x x ကျပ်-----(G)

မှတ်ချက်။ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) အရ နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ၄၈ သိန်း အထက်ရရှိသဖြင့် လစာဝင်ငွေခွန်ထမ်းဆောင်ရမည်။ တစ်နှစ်အတွက် ကျသင့်ဝင်ငွေခွန်တွက်ချက်ရာတွင် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) ဇယားပါနှုန်းထားများအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်။

နောက်ဆက်တွဲ(ဃ)

**၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ ၆ လ တာကာလအတွင်း ရရှိသည့်**
**ပစ္စည်းငှားရမ်းခြင်းမှ ရငွေ/ဝင်ငွေအပေါ်တွင် အခွန်တွက်ချက်မှု (နမူနာပုံစံ)**
**(တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအတွက်သာ)**

ဦးလှသည် တစ်လလျှင် ၄,၅၀၀,၀၀၀ ကျပ် ဖြင့် ၎င်း၏ ဂိုဒေါင်အဆောက်အဦးအား ၁၂ လ ငှားရမ်းရာ စာချုပ်ချုပ်ဆိုသည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ၅ လစာ (၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိအတွက်) ၂၂,၅၀၀,၀၀၀ကျပ် ကို လက်ခံရရှိပါသည်။ ကျန် ၇ လစာအတွက် ၂၀၂၂ ခုနှစ် ဧပြီလမှစ၍ တစ်လချင်းစီ ပေးချေသွားမည်ဖြစ်ပါသည်။ အဆိုပါပစ္စည်းငှားရမ်းခြင်းမှ ရငွေ/ဝင်ငွေအပေါ် အောက်ပါအတိုင်း အခွန်တွက်ချက်ရမည် ဖြစ်ပါသည်-

**ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်မှု**

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ

၆ လ တာကာလအတွင်း ရရှိသည့်ငှားရမ်းခရငွေ ( ၅လစာ ) = ၂၂,၅၀၀,၀၀၀ ကျပ်-----(A)

ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း {(A) / ၂၁} = ၁,၀၇၁,၄၂၉ ကျပ်

(၂၀၂၁ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၅ ရှင်းလင်းချက်အရ တစ်နှစ်ပျမ်းမျှငှားရမ်းခသည် ကျပ် သိန်း ၅၀၀ ထက် ပိုမိုသောကြောင့် ဖြစ်ပါသည်။)

**ဝင်ငွေခွန်တွက်ချက်မှု**

| | |
|---|---|
| တစ်နှစ်ငှားရမ်းခရငွေ | = ၅၄,၀၀၀,၀၀၀ ကျပ်-----(B) |
| (နုတ်) တစ်နှစ်အတွက် ကျသင့်မည့်ကုန်သွယ်လုပ်ငန်းခွန် | = (၂,၅၇၁,၄၂၉) ကျပ် |
| ကုန်သွယ်လုပ်ငန်းခွန်မပါ ငှားရမ်းခရငွေ | = ၅၁,၄၂၈,၅၇၁ ကျပ်-----(C) |

(နုတ်) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ

- အခြေခံသက်သာခွင့် ( C ) x ၂၀% = x x x x ကျပ်
- အတူနေမိဘအတွက် = x x x x ကျပ်
- အိမ်ထောင်ဖက်အတွက် = x x x x ကျပ်
- သားသမီးအတွက် = x x x x ကျပ်
- အခွန်ထမ်းနှင့်အိမ်ထောင်ဖက်အတွက်
  အသက်အာမခံပေးသွင်းငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်
- အခွန်ထမ်းမှပေးသွင်းသည့်
  လူမှုဖူလုံရေးရန်ပုံငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်

= (x x x x x x )ကျပ် -----(D)

| | |
|---|---|
| တစ်နှစ်အတွက်အခွန်စည်းကြပ်ရန်ဝင်ငွေ | = x x x x x x ကျပ်-----(E) |
| တစ်နှစ်ကျသင့်ဝင်ငွေခွန် (စည်းကြပ်ရန်ဝင်ငွေ E x ၁၀%) | = x x x x x x ကျပ်-----(F) |
| ၅ လ ငှားရမ်းခရငွေအပေါ် ကျသင့်ဝင်ငွေခွန် = (F ) x ၅/၁၂ လ | = x x x x x x ကျပ်-----(G) |

မှတ်ချက်။ တစ်နှစ်ကျသင့်ဝင်ငွေခွန်ကို ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) ပါ နှုန်းထားအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်။

## ၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ ၆ လ တာကာလအတွင်း ရရှိသည့် ပစ္စည်းငှားရမ်းခြင်းမှ ရငွေ/ဝင်ငွေ အပေါ်တွင် အခွန်တွက်ချက်မှု (နမူနာပုံစံ) (တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအတွက်သာ)

ဒေါ်မြသည် တစ်လလျှင် ၁,၀၀၀,၀၀၀ ကျပ်ဖြင့် ၎င်း၏ဂိုဒေါင်အဆောက်အဦးအား (၃) နှစ် ငှားရမ်းရာ စာချုပ်ချုပ်ဆိုသည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် (၃) နှစ်စာ ၃၆,၀၀၀,၀၀၀ ကျပ် လက်ခံရရှိပါသည်။ အဆိုပါပစ္စည်းငှားရမ်းခြင်းမှ ရငွေ/ဝင်ငွေအပေါ် အောက်ပါအတိုင်း အခွန်တွက်ချက်ရမည် ဖြစ်ပါသည်-

### ကုန်သွယ်လုပ်ငန်းခွန်တွက်ချက်မှု

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ
၆ လ တာကာလအတွင်း ရရှိသည့် ဂိုဒေါင်ငှားရမ်းခရငွေ ( ၃နှစ်စာ ) = ၃၆,၀၀၀,၀၀၀ကျပ်---(A)
ကုန်သွယ်လုပ်ငန်းခွန် = မစည်းကြပ်
(ငှားရမ်းခရငွေစုစုပေါင်းသည် ကျပ်သိန်း ၅၀၀ ထက် ကျော်လွန်ခြင်းမရှိ၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်ပါ။)

### ဝင်ငွေခွန်တွက်ချက်မှု

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ
၆ လ တာကာလအတွင်းရရှိသည့် ဂိုဒေါင်ငှားရမ်းခရငွေ ( ၃နှစ်စာ ) = ၃၆,၀၀၀,၀၀၀ကျပ်---(A)
(နုတ်) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ

- အခြေခံသက်သာခွင့် ( A ) x ၂၀% = x x x x ကျပ်
- အတူနေမိဘအတွက် = x x x x ကျပ်
- အိမ်ထောင်ဖက်အတွက် = x x x x ကျပ်
- သားသမီးအတွက် = x x x x ကျပ်
- အခွန်ထမ်းနှင့်အိမ်ထောင်ဖက်အတွက် အသက်အာမခံပေးသွင်းငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်
- အခွန်ထမ်းမှပေးသွင်းသည့် လူမှုဖူလုံရေးရန်ပုံငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်

= (x x x x x ) ကျပ်----(B)

အခွန်စည်းကြပ်ရန်ဝင်ငွေ = x x x x x ကျပ်----(C)
ကျသင့်ဝင်ငွေခွန် (စည်းကြပ်ရန်ဝင်ငွေ C x ၁၀%) = x x x x x ကျပ်----(D)

မှတ်ချက်။ ကျသင့်ဝင်ငွေခွန် တွက်ချက်ရာတွင် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ) ပါနှုန်းထားအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်။

## ၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ ၆ လ တာ ကာလအတွင်းရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်မှ ဝင်ငွေအပေါ်တွင် အခွန်တွက်ချက်မှု (နမူနာပုံစံ) (တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအတွက်သာ)

ပြင်ပဆေးခန်းဖွင့်လှစ်လုပ်ကိုင်နေသည့် ဆရာဝန်တစ်ဦးသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ ၆ လ တာကာလအတွင်း ဆေးခန်းမှရငွေ (A) ကျပ် ရရှိပါသည်။ လုပ်ငန်းအတွက် တိုက်ရိုက်ကုန်ကျစရိတ်အဖြစ် (B) ကျပ်သုံးစွဲခဲ့ရပါသည်။ စီမံအုပ်ချုပ်မှုစရိတ်အဖြစ် (C) ကျပ်ကုန်ကျခဲ့ပါသည်။ အဆိုပါ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအပေါ် အောက်ပါအတိုင်း အခွန်တွက်ချက်ရမည်ဖြစ်ပါသည်-

**ဝင်ငွေခွန်တွက်ချက်မှု**

| | |
|---|---|
| ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ၆ လ တာကာလအတွင်း ဆေးခန်းမှရငွေ | = x x x x x x ကျပ် ----(A) |
| **(နုတ်)** တိုက်ရိုက်ကုန်ကျစရိတ်များ | = (x x x x x x ) ကျပ် ----(B) |
| အကြွမ်းအမြတ် | = x x x x x x ကျပ် |
| (နုတ်) စီမံအုပ်ချုပ်မှုစရိတ် | = (x x x x x x ) ကျပ်----(C) |
| ၆ လ တာကာလအတွင်း အသားတင်ဝင်ငွေ | = x x x x x x ကျပ် ----(D) |
| တစ်နှစ်အတွက် သတ်မှတ်ဝင်ငွေ { (D) ၏ ၂ ဆ } | = x x x x x x ကျပ်----(E) |

(နုတ်) ပုဒ်မ ၆ အရ သက်သာခွင့်ပြုငွေများ

- အခြေခံသက်သာခွင့် ( E) × ၂၀ % = x x x x ကျပ်
- အတူနေမိဘအတွက် = x x x x ကျပ်
- အိမ်ထောင်ဖက်အတွက် = x x x x ကျပ်
- သားသမီးအတွက် = x x x x ကျပ်
- အခွန်ထမ်းနှင့်အိမ်ထောင်ဖက်အတွက် အသက်အာမခံပေးသွင်းငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်
- အခွန်ထမ်းမှပေးသွင်းသည့် လူမှုဖူလုံရေးရန်ပုံငွေ (၆ လစာ စုစုပေါင်း ×၂ ) = x x x x ကျပ်

| | |
|---|---|
| | = (x x x x x x) ကျပ်----(F) |
| တစ်နှစ်အတွက်အခွန်စည်းကြပ်ရန်ဝင်ငွေ | = (x x x x x x) ကျပ်----(G) |
| တစ်နှစ်အတွက်ကျသင့်ဝင်ငွေခွန် | = (x x x x x x) ကျပ်----(H) |
| ၆ လ တာကာလအတွက် ကျသင့်ဝင်ငွေခွန် {(H) ၏တစ်ဝက်} | = x x x x x x ကျပ်----(I ) |

မှတ်ချက်။ ၂၀၂၁ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းတွင် မပါရှိသော အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရရှိသူများအနေဖြင့် ရငွေကို နှစ်ဆပြုလျှင် ကျပ်သိန်း ၅၀၀ ထက်ပိုပါက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကျသင့်မည်။ တစ်နှစ်အတွက်ကျသင့်ဝင်ငွေခွန်တွက်ချက်ရာတွင် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) ဇယားပါနှုန်းထားများအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်။